## (မြန်မာ)

နွားလား သစ်ပင် နွားမ နွားငယ်
မြင်းနှင့်ရွှေဥက် မြေခွေး ရေအိုး
ရေကန် ထမင်း စန္ဒကူးနံ့သာ
ဗူးတောင်း ရေနစ် ကျောက်ဖျာ ရေကူး
ဖားမ မြွေမျို ဟင်္သာ ကျီးရဲ
သစ်ကျုတ် ဆိတ်ကြောက် ဆယ့်ခြောက်
မာတိကာ။

ရှေးဦးအိပ်မက်။ ဥသဘာ- နွားနက် ဥသဘကြီး လေးကောင်တို့သည် ဝေ့အံ့သော အခြင်းအရာကို ပြုလျက် ဖဲသွားကြကုန်၏။

(၂)ခုမြောက်သော အိပ်မက်။ ရုက္ခာ - နုနယ် သေးငယ်လှစွာသော သစ်ပင် ချုံနွယ်တို့သည် အရွယ်နှင့် မလိုက် သီး၊ ပွင့်ကြကုန်၏။

(၃)ခုမြောက်သော အိပ်မက်။ ဂါဝိယော - နွားမကြီးတို့သည် ယနေ့ မွေးဖွားခါစ နွားမငယ်တို့၏ နို့ကို စို့ကြကုန်၏။

(၄)ခုမြောက်သော အိပ်မက်။ ဂဝါစ - နွားကြီးတို့ကို ဖယ်ထား၍ နို့စို့နို့ခွာ နွားငယ်တို့ကို လှည်း၌ ကအပ်ကုန် သော် နို့စို့နို့ခွာ နွားငယ်တို့သည် ဝန်ကို မဆောင်နိုင်ကြကုန်။

(၅)ခုမြောက်သော အိပ်မက်။ အသော - မျက်နှာ နှစ်ဘက်ရှိသော မြင်းသည် နှစ်ဖက်သော ခံတွင်းဖြင့် အစာကို စား၏။

(၆)ခုမြောက်သော အိပ်မက်။ ကံသော - အဘိုးတစ်သိန်းထိုက်သော ရွှေလင် ပန်းကို "ဤရွှေလင်ပန်း၌ ကျင်ငယ် ကို စွန့်လော့"ဟု မြေခွေးအား ဆောင် နှင်း၏။

(၇)ခုမြောက်သော အိပ်မက်။ သိင်္ဂါလိကာစ - အထက်၌ ကျစ်အပ်သမျှသော လွန် ကို အောက်၌ရှိသော မြေခွေးမက စား၏။

(၈)ခုမြောက်သော အိပ်မက်။ ကုမ္ဘော - အချည်းနှီးသော အိုးတို့ဖြင့် ခြံရံအပ် သော အလယ်ရေပြည့်အိုးကြီး၌သာ ရေလောင်း ကြကုန်၏။

(၉)ခုမြောက်သော အိပ်မက်။ ပေါက္ခရဏီစ - ရေကန်ကြီးအလယ်၌ ရေတို့သည် နောက်ကုန်၍ ကမ်းနား၌ ရေတို့သည် ကြည်ကုန်၏။

(၁၀)ခုမြောက်သော အိပ်မက်။ အပါကံ - တစ်လုံးတည်းသော ထမင်းအိုးဖြင့် ချက် အပ်သော ထမင်းသည် သုံးမျိုး သုံးစုအားဖြင့် ကျက်၏။

(၁၁)ခုမြောက်သော အိပ်မက်။ စန္ဒနံ - အဘိုးတစ်သိန်းထိုက်သော စန္ဒကူးနံ့ သာကို ရက်တက်ရည်ပုပ်ဖြင့် လဲ စား၏။

(၁၂)ခုမြောက်သော အိပ်မက်။ လာဗူနိသီဒန္တိ - ဗူးတောင်းတို့သည် ရေ၌ နစ်မြုပ် ကုန်၏။

(၁၃)ခုမြောက်သော အိပ်မက်။ သီလာ ပ္လဝန္တိ - ကျောက်ဖျာကြီးတို့သည် ရေ၌ပေါ် ကုန်၏။

(၁၄)ခုမြောက်သောအိပ်မက် - ဖားမငယ်တို့သည် မြွေဟောက်တို့ မဏ္ဍုကိယော ကဏှာသပ္ပေ ဂိလန္တိ ကို စားမျိုကုန်၏။

(၁၅)ခုမြောက်သောအိပ်မက် - ကျီးကို ရွှေဟင်္သာတို့သည် ခြံရံကာ ကာကံ သုဝဏ္ဏာ ပရိဝါရယန္တိ နေကြကုန်၏။

(၁၆)ခုမြောက်သောအိပ်မက် - ကြောက်၍ထိတ်လန့်စေတတ်ကုန် တသာဝကာ ဧဠကာနံ ဘယာ သော သစ်တို့သည် ဆိတ်တို့ကို ကြောက်လန့်သဖြင့် ပြေးပုန်းကြ ကုန်၏။